# ၂။ပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက်ထုတ်ပေးခြင်း

# လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်

# ပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက်ထုတ်ပေးခြင်း
# လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်

၁။ပိုးသတ်ဆေးများတင်သွင်းရာ၌မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသောယာယီ(သို့) အပြည့်အဝသုံးစွဲခွင့် ရရှိထားသော ပိုးသတ်ဆေးဖြစ်ရမည်။

၂။ထုတ်လုပ်သူမှ သဘောတူခွင့်ပြုချက်ရရှိထားသော ဖြန့်ဖြူးသူမှသာ တင်သွင်း ဖြန့်ဖြူးခွင့် ရှိပါသည်။

၃။တင်သွင်းခွင့် လျှောက်လွှာအား တွဲဖက်အတွင်းရေးမှူး ၊ ပိုးသတ်ဆေး မှတ်ပုံတင် အဖွဲ့ ၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်သို့လိပ်မူ၍ လျှောက်ထားရမည်။

၄။လျှောက်လွှာပုံစံ တွင် ဖြည့်စွက်၍ လိုအပ်သော အချက်အလက် များ အား ပူးတွဲ တင်ပြရန် လိုအပ်ပါသည်။

၅။တင်သွင်းမည့် ပိုးသတ်ဆေး အတွက် အရည်အသွေး ဓာတ်ခွဲစစ်ဆေး စမ်းသပ်ခ အား (၂၀) မက်ထရစ်တန် လျှင် (၃၀၀၀၀၀) ကျပ်နှုန်း ဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ စာရင်းအမှတ် MD.013156 သို့ပေးသွင်းပြီး ပြေစာမူရင်းအား စိုက်ပျိုးရေးဦးစီးဌာန ၊ သီးနှံကာကွယ်ရေးဌာနခွဲ သို့ပေးပို့ တင်ပြရမည်။

၆။အထက်ပါဆောင်ရွက်မှုများပြည့်စုံပါကပိုးသတ်ဆေး တင်သွင်းခွင့် ထောက်ခံချက်အားထုတ်ပေးမည်ဖြစ်ပြီးပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက်မရရှိမီပြည်ပမှဝယ်ယူတင်သွင်းခြင်း မပြုရ။

၇။တင်သွင်းပိုးသတ်ဆေးများ ရောက်ရှိ လာသောအခါ အကောက်ခွန် ဦးစီးဌာန မှ ချိတ် တံဆိပ်ပိတ်သော ကိုယ်စားပြုနမူနာ အား စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး ဌာနခွဲ သို့ပေးပို့စစ်ဆေးပြီး မှန်ကန်မှု ရှိပါက အကောက်ခွန် ဦးစီးဌာန မှ ထုတ်ယူ ခွင့်ပြုရန် ( Myanmar Automated Cargo Clearance System,MACCS) စနစ်ဖြင့် မှန်ကန်ကြောင်းထောက်ခံချက်အား စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ မှ ထုတ် ပေးမည်ဖြစ်ပါသည်။

# ပိုးသတ်ဆေးတင်သွင်းခွင့်ထောက်ခံချက်လျှောက်ထားရန်ဖြည့်စွက်ရမည့် လျှောက်လွှာပုံစံ

သို့

တွဲဖက်အတွင်းရေးမှူး
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
စိုက်ပျိုးရေးဦးစီးဌာန
ရန်ကုန်မြို့။

နေ့စွဲ။

အကြောင်းအရာ။ ။<u>ပိုးသတ်ဆေးတင်သွင်းခွင့်အတွက်ပိုးသတ်ဆေးဥပဒေလုပ်ထုံးလုပ်နည်း အပိုဒ်(၂၁)အရ Import Endorsement လျှောက်ထားခြင်း။</u>

ကျွန်တော်များ------------------------------------သည်-------------------------မှ ထုတ်လုပ် သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို မြန်မာနိုင်ငံအတွင်း သို့ တင်သွင်း လိုပါ သဖြင့်ပိုးသတ် ဆေး တင်သွင်း ခွင့် ထောက်ခံချက်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

(က)တင်သွင်းမည့်ပိုးသတ်ဆေးအမည်------------------------------------------------------

(ခ)ထုတ်လုပ်သည့်ကုမ္ပဏီ-----------------------------------------------------------------

(ဂ)ပိုးသတ်ဆေးမှတ်ပုံတင်အမှတ်----------------------------------------------------------

(ဃ)တင်သွင်းမည့်ပမာဏ-----------------------------------------------------------------

(င)တင်ပို့မည့်ကုမ္ပဏီ------------------------------------------------------------------

(စ)ထုတ်ပိုးမှုစနစ်---------------------------------------------------------------------

(ဆ)မည်သည့်နိုင်ငံမှတင်ပို့မည်-------------------------------------------------------------

(ဇ)ပိုးသတ်ဆေး(သို့)အဆိပ်ရှိပစ္စည်း သိုလှောင်/ဖြန့်ဖြူးမည့်နေရာဒေသ၏လိပ်စာ------------
--------------------------------------------------------------------------------------------

(ဈ)အဆောက်အအုံအမျိုးအစား(အမိုး/အကာ/အခင်း/အကျယ်အဝန်း)---------------------

(ည) လက်ကားရောင်းချမည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏အမည်နှင့် နေရပ်လိပ်စာ---------------

လက်မှတ်

**ပူးတွဲတင်ပြရန်**

(၁)ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိ ပစ္စည်းကိုင်တွယ် ထိန်းသိမ်း မည့် သူများ ၏ အမည် နှင့် လက်မှတ်ရ ပိုးသတ်ဆေး သုံးစွဲသူ အသိအမှတ်ပြု ကဒ်ပြား အမှတ်စဉ် နှင့် ထုတ် ပေး သည့် ရက်စွဲ။

(၂) မြန်မာအညွှန်းစာ ။

(၃) Proforma Invoice ။

(၄)ပြန်လည်ထုတ်ပိုးမည့် အရွယ်အစားများအတွက် Repacking ပြုလုပ်သည့် အဖွဲ့အစည်း ၏ ပြန်လည်ထုတ်ပိုးရောင်းချခွင့်လိုင်စင်မိတ္တူ။

(၅) ထုတ်လုပ်သူ မှ တင်ပို့မှု/တဆင့် တင်ပို့မှုအတွက် သဘောတူညီချက်။

(၆) လက်လီ လက်ကား ရောင်းချခွင့် လိုင်စင် မိတ္တူ။

(၇)Analytical Fees ပေးသွင်းပြီးကြောင်း အထောက်အထား။

(၈)Technical Grade တင်သွင်းရန်အတွက် ဖော်စပ်ထုတ်လုပ်ခွင့်လိုင်စင်မိတ္တူတင်ပြရမည်။

(၉) အခြားတင်ပြလိုသည့် အချက်များ(ရှိလျှင်)။

# ပိုးသတ်ဆေးအရည်အသွေးဓာတ်ခွဲစစ်ဆေးခပေးသွင်းခြင်း

၁။ တင်သွင်းလာသော ပိုးသတ်ဆေး (၂၀) မက်ထရစ်တန် လျှင် နမူနာ (၁)ခု အတွက်ဓာတ်ခွဲစစ်ဆေးခငွေ-၃၀၀၀၀၀ိ/(ကျပ်သုံးသိန်းတိတိ) ကို မြန်မာ့ စီးပွားရေးဘဏ်၊ သီးနှံ ကာကွယ် ရေး ဌာနခွဲ ၊ ဘဏ် စာရင်းအမှတ် – **MD.013156** သို့ ပေးသွင်းရမည်။

၂။ ဘဏ်ငွေသွင်းချလန် မူရင်း နှင့် မိတ္တူ(၂) စုံ အား သီးနှံ ကာကွယ်ရေး ဌာနခွဲ ၊ ပိုးသတ်ဆေး ဓာတ်ခွဲ ခန်းသို့ ပေးပို့ရမည်ဖြစ်သည်။

**ဘဏ်ငွေသွင်းချလန်မူရင်း နောက်ကျော တွင် ရေးရန် နမူနာပုံစံ**

**ပိုးသတ်ဆေးအရည်အသွေးဓာတ်ခွဲစစ်ဆေးခပေးသွင်းခြင်း**

| | |
|---|---|
| တင်သွင်းသည့်ကုမ္ပဏီအမည် | -------------------------------------- |
| တင်သွင်းသည့်ပိုးသတ်ဆေးအမည် | ------------------------------------- |
| အဆိပ်ရှိပစ္စည်း၊ပါဝင်မှု%၊ဖော်စပ်ထုတ်လုပ်မှုပုံစံ | -------------------------------------- |
| ငွေပေးသွင်းသည့်ကိုယ်စားလှယ်ကုမ္ပဏီအမည် | -------------------------------------- |

လက်မှတ် ----------------

အမည် ----------------

ရာထူး ----------------